


မကြာမီက စာရေးသူငယ်စဉ်က ဆည်းကပ်ခဲ့ရတဲ့ ဆရာသမားတစ်ယောက်ရဲ့စာသင်ပြပုံအကြောင်းကို ဆောင်းပါးတို တစ်ပုဒ် ရေးဖြစ်ခဲ့ပါတယ်။ အဲဒီဆောင်းပါးကိုဖတ်မိတဲ့ စာဖတ်သူတစ်ဦးက အဲဒီဆရာသမားနဲ့ပတ်သက်ပြီး အခြား အတွေ့အကြုံလေးများရှိလျှင်လည်း နောက်ထပ် ရေးသားတင်ပြပါဦးဆိုပြီး တောင်းဆိုလာပါတယ်။ စာရေးသူအနေနဲ့ အဲဒီဆရာသမားထံမှာ နှစ်နှစ်ခန့်မျှ ဆည်းပူးလေ့လာခွင့်ရခဲ့တာဆိုတော့ ဆရာသမားရဲ့အကြောင်းပြောရမယ်ဆိုရင် ပြောစရာတွေက အများသားပါ။ သို့ပေမယ့် တချို့အချက်အလက်များကိုတော့ အကြောင်းအရာအနေနဲ့ စာရေးသူ မှတ်ဉာဏ်ထဲမှာ မမေ့ပျောက်သေးပေမယ့် စာတစ်ပုဒ်အနေနဲ့ရေးသားတင်ပြဖို့ရာ အသေးစိတ်အချက်အလက်တွေ ကိုတော့ မမှတ်မိတော့ပါဘူး။ ဒါကြောင့်ရေးသားတင်ပြဖို့ နောက်တွန့်နေမိပါတယ်။ ဒါပေမယ့် နေ့စဉ်တွေ့မြင်ကြားသိ နေရတဲ့ သတင်းစာရေဒီယိုများပေါ်က မတရားသတင်းများကြောင့် ဆရာသမားရဲ့ သင်ကြားမှုလေးတစ်ခုကို ပြောပြ လိုစိတ်ဖြစ်ခဲ့ပါတယ်။ ဆရာသမားအာဘော်ကျ  အပြည့်အစုံမဟုတ်ပေမယ့် အဓိပ္ပါယ်အနေနဲ့ခြုံငုံမိလောက်ခန့်ရှိလို့ မို့ ဒီစာကို ဆရာသမားဖတ်မိလျှင်တောင် မပြည့်မစုံတင်ပြရကောင်းလားဆိုပြီး အပြစ်တင်ပေလိမ့်မယ် မဟုတ်ဘူး ရယ်လို့လဲ ယူဆမိပါတယ်။

စာရေးသူတို့ဆရာသမားရဲ့ စာသင်ပြတဲ့နည်းများထဲမှာ ပုံပြင်လေးတွေကို ပြောပြခြင်းလဲ တစ်ခုအပါအဝင်ပါ ။ သူ့ရဲ့ သင်ပြပုံထူးတာက ပုံပြင်ကို ပြောပြရုံသာမဟုတ်ဘဲ အဲဒီပုံပြင်ထဲမှာပါဝင်တဲ့ ဇာတ်ဆောင်အသီးသီးရဲ့ စရိုက်အမျိုး မျိုးကိုလည်း သူ့တပည့်ဖြစ်တဲ့ စာရေးသူတို့ကို ဝေဖန်ခိုင်းလေ့ရှိတာပါပဲ။ နောက်ပြီး စရိုက်ကောင်းဆိုလျှင် အတုယူ ကြဖို့နဲ့ စရိုက်ဆိုးဆိုပါလျှင် ရှောင်ကြဉ်ကြဖို့ကိုလဲ တစ်ပါတည်း ပြောပြတတ်လေ့ရှိပါတယ်။ ဆရာပြောပြခဲ့တဲ့ပုံပြင် များထဲမှာ အောက်ပါပုံပြင်ဟာ မရိုးနိုင်စွာ ခုတိုင်စာရေးသူ ပတ်ဝန်းကျင်ဘဝထဲမှာတော့ ဆန်းသစ်နေဆဲပါ။

တခါက အလွန်ကောက်ကျစ်ယုတ်မာတဲ့ ဝံပုလွေတစ်ကောင်ဟာ တောအုပ်တစ်ခုမှာ မှီတင်းနေထိုင်ပါသတဲ့။ အဲဒီ ဝံပုလွေဟာ သူကိုယ်တိုင်က အလွန်ကောက်ကျစ်ယုတ်မာပေမယ့် သူ့ကိုယ်သူ ကောက်ကျစ်လို့ကောက်ကျစ်မှန်း မသိသလို၊ သူ့ကိုကောက်ကျစ်ယုတ်မာတယ်ရယ်လို့ တစ်ခြားသတ္တဝါတွေက အထင်ရောက်မှာကိုလဲ အလွန်စိုးရိမ် ပါသတဲ့။ အထူးသဖြင့်တော့ သူ့နောက်လိုက်ဝံပုလွေအုပ်က သူ့အပေါ် အယုံအကြည်မရှိဖြစ်မှာကို အလွန်စိုးရိမ်ပါသ တဲ့။ ဒါကြောင့် ဘာကိုပဲလုပ်လုပ် သူလုပ်သမျှဟာ တရားသဖြင့်သာဖြစ်ကြောင်း၊ ရှေးရိုးစဉ်လာ ဘေးတော်မျိုး ဘိုး တော်မျိုးများ ချမှတ်ထားတဲ့ နည်းထုံးဥပဒေသများနဲ့ လိုက်လျောညီထွေဖြစ်ကြောင်းကိုလဲ အမြဲတမ်း ကြွေးကြော် ကြေညာလေ့ရှိသတဲ့။ သို့ပေမယ့်လဲ သူကိုယ်တိုင် ခုလို ဝံပုလွေအုပ်စုရဲ့ ခေါင်းဆောင်ဖြစ်နေတာကိုက မှန်မှန်ကန်ကန် နောက်လိုက် အများစုက သဘောတူကျေနပ်လို့ ဖြစ်ခဲ့ရတာ မဟုတ်ဘူးဆိုတာကိုတော့ သူသိပါသတဲ့။ ဒါပေမယ့် ခေါင်းဆောင်ရာထူးကို ယူထားတာကြာလာတော့လည်း ဘယ်သူကြိုက်ကြိုက်၊ မကြိုက်ကြိုက်၊ တရားဝင် ခေါင်း ဆောင်တစ်ဦးရယ်လို့သာ သူ့ကိုယ်သူလည်း ထင်လာပါသတဲ့။ သူ့နောက်လိုက် ဝံပုလွေအချို့ကတော့ သူတို့ခေါင်း ဆောင်ဝံပုလွေကြီး ယုတ်မာကောက်ကျစ်တာကို သိကြပါတယ်တဲ့ ။ သို့ပေမယ့် သူတို့ခေါင်းဆောင် ဝံပုလွေကြီးရဲ့ ခုလိုယုတ်မာကောက်ကျစ်မှုကို အမှီပြုပြီး သူတို့လည်းပဲ အစားချောင် အနေချောင်ဖြစ်ကြရတာကြောင့် မကောင်း မှန်းသိပေမည့်လည်း ဝံပုလွေ ခေါင်းဆောင်ကြီး လုပ်သမျှတိုင်းကို မျက်စိမှိတ် ခေါင်းညိတ်ပြီးသာ သဘောတူ ထောက် ခံကြလေ့ ရှိပါသတဲ့။

တချို့ကတော့လည်း သူတို့ဘဝတစ်လျှောက်လုံး ဝံပုလွေအသိုင်းအဝိုင်းကျဉ်းကျဉ်းလေးထဲမှာသာ ကြီးပြင်းခဲ့ရတာကြောင့် ပြင်ပလောကရဲ့ ပကတိ အခြေနေမှန်ကို သိခွင့်မရကြပါဘူးတဲ့။ သို့ကမို့ရယ်ကြောင့် အမှန်နဲ့အမှားကို ခွဲခြားဝေဖန်နိုင်လောက်တဲ့ အသိဉာဏ်ဆိုတာလဲ သူတို့မှာ မရှိကြပါဘူးတဲ့။ ဘယ်ကလောက်ထိများ အသိဉာဏ် ခေါင်းပါးကြလေသလဲဆိုရင် ဒီကမ္ဘာပေါ်မှာရှိတဲ့ သတ္တဝါတွေအားလုံးထဲမှာ သူတို့ဝံပုလွေမျိုးတွေသာ အကြီးမြတ်ဆုံး၊ အတော်ဆုံး၊ အတတ်ဆုံးရယ်လို့ သူတို့ခေါင်းဆောင်ဝံပုလွေကြီးက ပြောပြတာကိုပင်လျှင် လေးလေးနက်နက် ယုံကြည်နေကြပါသတဲ့။ နောက်ပြီး ဒီတော ဒီတောင်၊ ဒီချောင်း၊ ဒီမြောင်း၊ ဒီရေနဲ့ ဒီမြေအားလုံးကို သူတို့ဝံပုလွေတွေသာ စောင့်ရှောက်ကာကွယ်ထားတာဖြစ်ကြောင်း။ သူတို့ဝံပုလွေတွေသာ မရှိလျှင် ဒီကမ္ဘာလောကြီး ကြာရှည်တည်တန့်နိုင်မှာ မဟုတ်ကြောင်းစသဖြင့် သူတို့ဝံပုလွေခေါင်းဆောင်ကြီးက မိန့်ကြားလေ့ရှိတာကိုလဲ တကယ်ပဲ ယုံကြည်နေကြပါသတဲ့။

တစ်နေ့သမှာတော့ ခေါင်းဆောင်ဝံပုလွေယုတ်နဲ့ သိုးငယ်တစ်ကောင်ဟာ တောအုပ်ထဲမှာ တွေ့ဆုံမိကြပါသတဲ့။ ဒီတော့ဝံပုလွေယုတ်က သိုးငယ်ကို စားဖို့အကြံဖြစ်ပါသတဲ့ ။ သို့ပေမယ့် ပြောခဲ့တဲ့အတိုင်း သူ့ကိုယ်သူ ရိုးသားပါတယ်ဆိုတာကလဲ ပြလိုသေးတာမို့ အကြောင်းမဲ့ စားတယ်ရယ်လို့ အပြစ်တင်မခံရလေအောင် လှည့်စားဖို့အားထုတ်ပါသတဲ့။ ဒါကြောင့် သူက သိုးငယ်ကို ခုလိုပြောပါသတဲ့။

“ဟေ့ သိုးယုတ်၊ နင်ငါ့ကို စော်ကားထားတာရှိတယ်၊ ဒါကြောင့် အပြစ်ပေးတဲ့အနေနဲ့ သင့်ကို ငါစားရလိမ့်မယ်”လို့ဆိုသတဲ့။ ဒီတော့ သိုးငယ်က “ကျနော်ဘာများ အသင်ဝံပုလွေမင်းကို (ဝံပုလွေယုတ်က သူ့ကို ဝံပုလွေမင်းလို့ ခေါ်မှကြိုက်နှစ်သက်ပါသတဲ့၊ သူက သူ့ကိုယ်သူ ဘေးလောင်းတော် ဘုရင်ကြီးတစ်ပါးကို ဝင်စားတယ်ရယ်လို့ ထင်ပါသတဲ့–ဆရာ့စကား) ဘာများ စော်ကားမိပါသလဲ”လို့ ပြန်လည်မေးပါတယ်။ ဒီတော့ ဝံပုလွေယုတ်က “အို နင်မမြင်ဘူးလား၊ ငါ့အမြီး ဖြန့်ချထားတာကို ၊ နင်တောအုပ်ထဲကို ဝင်လာတော့ ငါ့အမြီးကို နင်တက်နင်းခဲ့တဲ့အတွက် ငါ့အမြီးမှာ အလွန်ကြီးမားတဲ့ ဒဏ်ရာတစ်ခု ရခဲ့ရတယ်”လို့ ဆိုပါသတဲ့၊ ဒီတော့ သိုးငယ်က“ဝံပုလွေမင်းခင်ဗျာ၊ အဲဒါ မဖြစ်နိုင်ဘူးထင်ပါတယ်၊ ဝံပုလွေမင်းက ကျနော်ရှိတဲ့အရပ်ဖက်ကို မျက်နှာပြုပြီးထိုင်နေတာမို့ ဝံပုလွေမင်းရဲ့အမြီးက နောက်ဖက်မှာရှိနေတာကြောင့် ရှေ့ကလာတဲ့ ကျနော်က ဝံပုလွေမင်းရဲ့နောက်ဖက်မှာရှိတဲ့ အမြီးကိုတက်နင်းဖို့ဆိုတာ ယုတ္တိမရှိပါဘူး” လို့ ပြန်ပြောပါသတဲ့။ အဲဒီအခါမှာ ဝံပုလွေယုတ်က “အေး၊ ထားတော့ ၊ ငါက မတရားလည်း မလုပ်တတ်သူ ၊ နောက်ပြီး ကြင်နာတတ်သူတစ်ဦးလည်းဖြစ်လို့၊ သင့်ရဲ့ အဲဒီ မိုက်ပြစ်ကိုတော့ ခွင့်လွှတ်လိုက်မယ်။ ဒါပေမယ့် သင်ကျူးလွန်ထားတဲ့ နောက်ပြစ်မှုတစ်ခုလည်း ရှိသေးတယ်။ အဲဒီအတွက် သင့်ကို ထိုက်တန်တဲ့အပြစ် ပေးရလိမ့်မယ်လို့ ခြိမ်းခြောက်ပြောဆိုပြန်ပါသတဲ့ ။ ဒီအခါမှာ သိုးငယ်က “ကျနော်တော့ ဝံပုလွေမင်းရဲ့အပေါ်မှာ ဘာတစ်ခုမှ ပြစ်မှားမိခဲ့တယ်ရယ်လို့ မထင်မိပါဘူးခင်ဗျာ” လို့ပြန်ပြောတော့ ၊ “အို နင်ကသာ နင်လုပ်ခဲ့တဲ့အပြစ် နင်မေ့နေတာ၊ ငါကတော့ ခံရသူမို့ မမေ့နိုင်ဘူး” လို့ အနိုင်အထက်လေသံနဲ့ ပြောပါသတဲ့။ ဒီတော့ “ကျနော်ကျူးလွန်ခဲ့တယ်ဆိုတဲ့အပြစ်က ဘာများလဲခင်ဗျာ”လို့ သိုးငယ်က ကြောက်ရွံ့စွာနဲ့ ပြန်မေးခဲ့ရှာပါသတဲ့။ “အေးပြောပြရသေးတာပေ့ါ။ နင်မဟုတ်လား။ မနှစ်က ဒီအချိန်ခန့်လောက်က ၊ ချောင်းတစ်ခုမှာ ၊ နင် ငါနဲ့ တွေ့တော့ ၊ အောက်ဖက်က ငါရေ သောက်နေမှန်းသိလျက်နဲ့၊ အထက်ဖက်ကနေ ငါ့ထက်အလျင် ချောင်းရေကို သောက်ခဲ့တာ ၊ နင်အဲဒီလို အထက်ဖက်က သောက်ခဲ့တဲ့အတွက် ချောင်းရေနောက်ခဲ့တာကြောင့် ငါ့မှာ တစ်နေ့လုံး ရေမသောက်ဘဲ နေခဲ့ရတယ်။ အဲဒါအတွက်ကော နင်ဘာငြင်းချင်သေးလဲ”လို့ဆိုပြန်ပါသတဲ့။ သိုးငယ်က “အို ဝံပုလွေမင်းခင်ဗျာ၊ ကျနော့်အသက်က ခုမှ ခြောက်လခန့်မျှသာရှိသေးတာကြောင့် အဲဒါ ဘယ်နည်းနဲ့မှ ကျနော် မဟုတ်နိုင်ပါဘူး” လို့ပြောရှာပါသတဲ့။ ဒီအခါမှာ ဝံပုလွေယုတ်က “အို ဘာပဲဖြစ်ဖြစ်၊ လျှာမရှည်နဲ့ ၊ ခုလို ငါသောက်မည့် ရေကိုနှောက်ခဲ့သူဟာ နင်မဟုတ် နင့်အဖေဖြစ်ရမယ် ။ ဒါကြောင့် နင့်အဖေကိုယ်စား အပြစ်ဒဏ်ကို နင်ပေးဆပ်ရလိမ့်မယ်” လို့ပြောဆိုပြီး သိုးငယ်ကို ခုံအုပ်ကာ စားသောက်ပစ်လိုက်ပါသတဲ့။ နောက်ပြီးသူက သူ့နောက်နားနားမှာ သူ့စားကြွင်းစားကျန်ကို စားဖို့ စောင့်စားနေလေတဲ့ သူ့နောက်လိုက် ဝံပုလွေအုပ်စုကိုလဲ ခုလိုပြောပါသတဲ့။ “တွေ့တယ်မဟုတ်လား ၊ မင်းတို့သခင်ဟာ ဘယ်လောက်တရားမျှတတဲ့ စိတ်ရှိတယ်ဆိုတာ ။ တို့ဝံပုလွေမျိုးတွေ ကောင်းစားတာကို မလိုတမာ စိတ်ထားရှိတဲ့ သတ္တဝါတွေရဲ့အလည်မှာ မင်းတို့သခင်ဟာ နာမည်ဆိုးထွက်နေပေမယ့် ဘာတစ်ခုမှ မတရားမလုပ်ဘူးဆိုတာ ခုမင်းတို့မျက်မြင်ကိုယ်တွေ့ပဲ မဟုတ်လား”လို့ ပြောလိုက်ပါသေးသတဲ့။ နောက်လိုက်ဝံပုလွေများကလည်း ဟုတ်တယ်၊ ဒို့ဝံပုလွေချုပ်မှူးကြီးပြောတာ မှန်တယ်ရယ်လို့ ကောင်းချီးသြဘာပေးကြပါသတဲ့။ ထောက်ခံပွဲများကိုလဲ

မြို့ရွာအနှံ့ပြုလုပ်ကြပါသတဲ့။ (အဲဒီ ထောက်ခံစကားဆိုသူတွေထဲမှာ ဒေါက်ချာဆောင်းထားတဲ့ ရသေ့တွေတောင် ပါကောင်း ပါနိုင်သေးတယ်လို့– ဆရာ သမားက ပြောပါသေးတယ်–စကားချပ်)။

ဒီပုံပြင်ကို ပြောအပြီးမှာတော့ ဆရာသမားက ခုလိုမှတ်ချက်ချပြတာကို မှတ်မိနေခဲ့ပါတယ်။ "အေး လောကမှာ ကောက်ကျစ်ယုတ်မာစိတ်ရှိတဲ့သူတွေဟာ ပိုပြီးရိုးသားလေဟန် အပြစ်ကင်းလေဟန် ဆောင်တတ်လေ့ရှိတယ်။ နောက်ပြီးသူတို့ကိုယ်တိုင်က မရိုးသားသူ ကောက်ကျစ်သူများဖြစ်တာကြောင့် အခြားသူတွေအားလုံးကိုလည်း သူတို့လိုပဲရယ်လို့ မှတ်ယူတတ်လေ့ရှိတယ်။ ပိုပြီးဆိုးတဲ့အချက်က သူတစ်ပါးတွေရဲ့ ရိုးရိုးသားသား ပြုမူပြောဆို လုပ်ကိုင်မှုမှန်သမျှအပေါ်မှာ မယုံကြည်နိုင်တတ်ကြခြင်းဖြစ်တယ်။ ဒီလိုသူတစ်ပါးအတွေအပေါ်မှာ မယုံကြည်နိုင်ကြတာကြောင့် ဘယ်အရာကိုမှ သူများတွေနဲ့ ပူးပေါင်းလုပ်ကိုင်လို့ မရနိုင်ဖြစ်တတ်လေ့ရှိတယ်။ သူတို့ရဲ့တွေးခေါ်လုပ် ကိုင်မှုမှန်သမျှဟာလဲ မရိုးသားမှုအခြခံပေါ်မှသာ တည်ဆောက်ထားတာမို့ ထွက်လာသမျှ အဖြေဆိုတာလဲ အမှန်တရားနဲ့ အလှန်းကွာဝေးနေတတ်တယ်။ ဒီပုံပြင်မှာ သင်္ခန်းစာတစ်ခုကိုလည်း တပည့်တို့တွေ့ကြရလိမ့်မယ်။ အဲဒါကတော့ တမင်အပြစ်ရှာသူတွေရဲ့ရှေ့မှောက်မှာ လျှောက်လဲချက်တွေပေးနေခြင်းဟာ အချိန်ကုန် ပင်ပန်းရုံပဲ ရှိတယ်ဆိုတာပါ။ နောက်ပြီး အပြစ်မဟုတ်တာကို အပြစ်လုပ်တတ်သူတို့ရှေ့မှာ ခြေလှုပ် လက်လှုပ် လှုပ်တာလောက်ကိုပဲ အပြစ်ကြီး တစ်ခုအနေ သတ်မှတ်ခံရနိုင်တာမို့ ဘာကိုပဲလုပ်လုပ် အပြစ်လွတ်နိုင်မယ် မဟုတ်ပေဘူး။ လောကမှာ "ကိုယ်ကောင်းလျှင် ခေါင်းဘယ်မှ မရွှေ့"လို့ ဆိုရိုးရှိပေမယ့် ခေါင်းမရှိသူတွေရဲ့ကြားမှာတော့ ရှိနေတဲ့ဦးခေါင်းကိုက သူတို့အမြင်မှာ လက်သင့်မခံနိုင်ဖွယ် မနှစ်မြို့ဖွယ် ဖြစ်နေပေလိမ့်မယ်"လို့ပြောပြပါတယ်။ အရင်ကတည်းက ဆရာသမား ပြောပြထားဘူးလို့ ခေါင်းဆိုတာကို အသိဉာဏ်ကိုတင်စားပြောလိုတာဖြစ်ကြောင်းကိုလဲ စာရေးသူတို့ အတန်းသားအားလုံးက နားလည်ကြပါတယ်။

အထက်မှာတုန်းက ခုတလောတွေ့မြင်ကြားသိခဲ့ရတဲ့ မတရားသတင်းများကြောင့် ဒီဆောင်းပါးကိုရေးခဲ့တယ်လို့ ဆိုခဲ့တယ်၊ ခုထိရေးသမျှထဲမှာ မတရားသတင်းများနဲ့စပ်ဆိုင်တာလဲ မတွေ့ရကောင်းလားလို့ အပြစ်တင်လေမလား ပါပဲ။ အနည်းငယ်ဆက်ပါရစေဦး။ ကြားမိမှာပေ့ါ ၊ ဘယ်နိုင်ငံမှာဖြင့် ဘယ်သူ့ကို ဘယ်လိုအပြစ်တွေကျူးလွန်တာကြောင့် အရေးမယူလိုပေမယ့် အများကောင်းကျိုးကို မျှော်ကိုးပြီး ဘယ်လိုတည်ဆဲ ဥပဒေများအရ အရေးယူလိုက်ရပြီ ။ ဘယ်မှာဖြင့် ဘယ်ခေါင်းဆောင်ကြီးများရဲ့ တည်မြဲမှုကို ခြိမ်းခြောက်လာတာကြောင့် ဘယ်သူ့ကိုဖြင့် အရေးယူလိုက်ရပြီ စတဲ့သတင်းမျိုးကိုပါ။ ဥပမာအဖြစ်ထုတ်ပြရလျှင် ဇင်ဘာဘွေနိုင်ငံမှာ ဖြစ်နေတဲ့ သတင်းမျိုးကိုပေ့ါ။

စာရေးသူ ဒီစာကို မရေးပဲမနေနိုင်အောင်ဖြစ်ရတဲ့အကြောင်းက အဲဒီ တရားဥပဒေစကားပြောနေတဲ့သူတွေက ဘယ်လိုတရားဥပဒေအရ သူတို့လက်ရှိရာထူးမျိုးကို ရယူထားသလဲ။ နောက်ပြီးသူတို့ကိုယ်တိုင်ကရော ဘယ်လောက် အတိုင်းအတာအထိ ဥပဒေကိုလေးစားလိုက်နာတတ်တဲ့သူတွေဖြစ်ကြသလဲ။ ကုန်ကုန်ပြောရလျှင် စအခြေတည်ကတည်းက မှားနေသူတွေဆီက ဘယ်လိုအမှန်တရားတွေထွက်လာဖို့ မျှော်လင့်နိုင်မှာလဲ။ ဘာဥပဒေမှ မရှိတဲ့သူတွေကို ၊ နောက်ပြီးလည်း ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းက လက်ခံကျင့်သုံးနေတဲ့ စည်းမျဉ်း ဥပဒေသမျိုးကို လက်ခံကျင့်သုံးနိုင်လောက်တဲ့ အသိဉာဏ်မရှိသူတွေကို၊ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များက ဘာကြောင့်များ ဥပဒေသစကားတွေနဲ့ နားချဖို့ ကြိုးစားနေကြသလဲ။ နောက်ပြီး ခံကြရတဲ့ သူတွေဖက်ကလဲ ဘာကြောင့် တမင်အပြစ်ရှာသူတွေရဲ့ရှေ့မှာ ဘယ်အရာကဖြင့် ဘာဥပဒေနဲ့ မကိုက်ညီဘူးဆိုပြီး လျှောက်လဲချက်တွေ ပေးနေကြရတာလဲဆိုတာကို နားမလည်နိုင်အောင်ဖြစ်မိပါတယ်။ ဒါကြောင့် ဒီဆောင်းပါးကို ရေးခဲ့တာပါလို့ဆိုခဲ့ရင် အထက်နားက ပြောပြခဲ့တဲ့ ဝံပလွေနဲ့သိုးငယ်ပုံပြင်ဟာ ဆက်စပ်လာတာကို တွေ့ကြရမှာပါ။

နောက်ပြီး ပုံပြင်ကပြောပြတဲ့ ဥပဒေသဟာ ယခုတိုင် လှလှပပကြီးကိုပဲ အသက်ဝင်နေဆဲ ဖြစ်မှုကိုလဲ တွေ့ရမှာပါ။ အထူးသဖြင့်တော့ အပြစ်ရှာလိုသူ့ရှေ့မှာ လျှောက်လဲချက်စကားတွေဆိုနေခြင်းဟာ မှန်ကန်တဲ့ အားထုတ်မှုမျိုးရော ဟုတ်ရဲ့လား။ အဆုံးမှာ ဝံပုလွေယုတ်ရဲ့ အစာအဖြစ်နဲ့ အရှုံးနဲ့သာ နိဂုံးချုပ်ရတဲ့သိုးငယ်ဘဝမျိုးလို ဖြစ်မသွားနိုင်ဘူးလားဆိုတာကိုလည်း မေးခွန်းထုတ်ကြည့်လိုတာကြောင့် ဒီဆောင်းပါးကို ရေးလိုက်တာပါ။ ဒီလိုရေးလိုက်လို့ စာရေးသူကို "ကျားတရားဓား၊ ခွေးတရားဒုတ်" ဆိုတဲ့ ဥပဒေသကို ကိုင်စွဲသူတစ်ဦးလို့ သတ်မှတ်မည်ဆိုရင်တောင် (ကာလဒေသအရ) အဲဒီသတ်မှတ်သူကို ခွန်းတုန့်ပြန်ဖို့ရာစကား၊ ချေပဖို့ရာစကား၊ လုံးဝရှာမိမယ် မဟုတ်ပါဘူး။ ။